International IDEA

# မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် မသန်စွမ်းသူများအပါအဝင် အားလုံးပါဝင်မှုရှိရေးဆိုင်ရာ မဟာဗျူဟာများ

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တွင် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပိုင်း မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ (PWD) ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို စဉ်းစားသုံးသပ်သင့်ပြီး မြန်မာနိုင်ငံ၏ ကြားကာလအစိုးရအဖွဲ့အစည်းများ ဦးဆောင်လျက်ရှိသော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများတွင် ၎င်းတို့၏ ပါဝင်မှုအတွက် မဟာဗျူဟာများ ထည့်သွင်းစဉ်းစားရန် အချိန်အခါကောင်းလည်း ဖြစ်ပါသည်။

International IDEA ကထုတ်ဝေထားသည့် ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှု - ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများ မူဝါဒစာတမ်းတွင် ဖက်ဒရယ်စနစ်သို့ အသွင်ကူးပြောင်းသည့်ကာလအတွင်း မြန်မာနိုင်ငံ၏ ဥပဒေရေးရာနှင့် နိုင်ငံရေးမူဘောင်များတွင် မသန်စွမ်းသူများ၏အခွင့်အရေးများ ထည့်သွင်းရေး၏ အရေးပါမှုကို အလေးပေးဖော်ပြထားပါသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်ခင် ၂၀၁၉ ခုနှစ် စစ်တမ်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅ သန်းကျော် (လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း) သည် မသန်စွမ်းမှုတစ်ခုခု ရှိနေသူများ ဖြစ်ကြသည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ် ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှုနောက်ပိုင်းနှင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်းတွင် မသန်စွမ်းသူအရေးအတွက် သိသိသာသာ မြင့်တက်လာခဲ့ရာ အားလုံးပါဝင်မှုရှိသော ဒီမိုကရေစီစနစ် တည်ဆောက်ခြင်းသည် မဖြစ်မနေဆောင်ရွက်ရမည့် ကျင့်ဝတ်ကောင်းတစ်ခုဖြစ်လာပြီး အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် အားလုံးပါဝင်မှုရှိ၍ ထိရောက်မှုရှိသော အုပ်ချုပ်မှုဖြစ်စေရန်အတွက် မဟာဗျူဟာမြောက် လိုအပ်ချက်တစ်ခုလည်း ဖြစ်လာပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်ပွားချိန်မှ စ၍ မသန်စွမ်းသူများသည် နိုင်ငံရေးနယ်ပယ်တွင် ပါဝင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ပြည်သူ့ဝန်ဆောင်မှုများရယူရာတွင်လည်းကောင်း၊ ပြည်သူ့နီတိပညာရေး သင်ယူရာတွင်လည်းကောင်း စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ၎င်းတို့၏ လွတ်လပ်စွာ သွားလာခွင့်သည်လည်း အကန့်အသတ်ရှိနေပြီး ပစ်ပယ်ဖယ်ကြဉ်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်း၊ ညှင်းပန်းနှိပ်စက်ခံရခြင်းနှင့် အန္တရာယ်ရှိသော နေထိုင်မှုဘဝပုံစံများကို ကြုံတွေ့နေရပါသည်။ International IDEA က ၂၀၂၂ခုနှစ်တွင် ကောက်ယူခဲ့သော စစ်တမ်းအရ မသန်စွမ်းသူများကို မြန်မာ့လူ့အသိုင်းအဝိုင်း၏ ဖယ်ကြဉ်မှုအခံရဆုံးအုပ်စုအဖြစ်တွေ့ရှိရပြီး တိုင်းရင်းသားလူနည်းစု (သို့မဟုတ်) ဘာသာရေးလူနည်းစုများ ထက်ပင် နိုင်ငံရေးကိုယ်စားပြုမှုနှင့် ဆုံးဖြတ်ချက်ချသည့်နေရာများတွင် ပါဝင်နိုင်မှု ပိုမိုနည်းပါးနေကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံ၏ ပြည်သူလူထုကြားတွင်သာမက ဒီမိုကရေစီနည်းကျအုပ်ချုပ်သည့် ကြားကာလအစိုးရအဖွဲ့အစည်းများအတွင်းတွင်လည်း မသန်စွမ်းသူများ၏ အခြေအနေနှင့်စပ်လျဉ်း၍ မည်သို့ ဖြေရှင်းဆောင်ရွက်ရမည်ကို သိရှိနားလည်မှု နည်းပါးကြပါသည်။ မသန်စွမ်းသူများ၏ သီးသန့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြင်ဆင်ထားသည့် အများပြည်သူလက်လှမ်းမီရရှိနိုင်သောသတင်းအချက်အလက်များ၊ ပညာရေးနှင့် ဝန်ဆောင်မှုများမှာ အလွန်နည်းပါးလျက်ရှိပြီး အထူးသဖြင့် အကြားအာရုံချို့တဲ့သူများအတွက် လက်သင်္ကေတပြဘာသာစကား သို့မဟုတ် စာတန်းထိုးခြင်းဝန်ဆောင်မှုများနှင့် အမြင်အာရုံနှင့် သိမြင်မှုချို့ယွင်းသူများအတွက်သီးသန့်ပြုလုပ်ထားသော အသံသွင်းမှတ်တမ်းများဖြင့် ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ မရှိပါ။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CRPD) ကို ၂၀၁၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း ပြည်တွင်းဥပဒေများနှင့် အဖွဲ့အစည်းများသည် သဘောတူစာချုပ်ပါ အချက်တွေအတိုင်း လိုက်နာဆောင်ရွက်မှု အားနည်းနေပါသည်။ နိုင်ငံလုံးဆိုင်ရာမူဝါဒ မူဘောင်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ဦးစားပေးမှုနည်းပါးနေဆဲဖြစ်သည်။ ထို့အပြင် မသန်စွမ်းသူများအား

အမဲစက်အပြစ်အနာအဆာအဖြစ် ခွဲခြားရှုမြင်ဆက်ဆံမှုများသည် ၎င်းတို့ကို ဖယ်ကြဉ်ခံအုပ်စုများအဖြစ်သို့ ပိုမိုရောက်ရှိစေပြီး ၎င်းတို့၏ ပညာရေး၊ အလုပ်အကိုင်နှင့် အများပြည်သူ ဝန်ဆောင်မှုများအပေါ် လက်လှမ်းမီမှုနိုင်မှုတို့ကို အကန့်အသတ်ရှိစေပါသည်။ စစ်အာဏာသိမ်းမှုမတိုင်မီ ကျင့်သုံးခဲ့သည့် နိုင်ငံရေးစနစ်တွင် မသန်စွမ်းသူများသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်ရန် သို့မဟုတ် အစိုးရရာထူးနေရာများတွင် တာဝန်ထမ်းဆောင်နိုင်ရန် အခွင့်အရေး အနည်းငယ်မျှသာ ရရှိခဲ့ကြသည်။

မြန်မာ့ဒီမိုကရေစီအင်အားစုများသည် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို သတ်မှတ်ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိရာ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပြည်ထောင်စုအဆင့်၌သာမက စုံလင်ကွဲပြားသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်မှာပါ တသမတ်တည်းဖြစ်စေရေးသည် ၎င်းတို့ကြုံတွေ့ရမည့် အဓိက စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကြားကာလအတွင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် မသန်စွမ်းသူများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီ (JCC) ကဲ့သို့သော မြန်မာနိုင်ငံ၏ ကြားကာလအစိုးရဖွဲ့စည်းပုံများတွင် မသန်စွမ်းသူများ၏ ကိုယ်စားပြုမှုကို မြှင့်တင်နိုင်သည့် ယန္တရားများသည် ဆက်လက်အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် မသန်စွမ်းသူများ၏ ပါဝင်မှုကို မြှင့်တင်နိုင်ရန် အပြုသဘောဆောင်သည့် ခြေလှမ်းတစ်ရပ်ဖြစ်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီမူဘောင်တွင် မသန်စွမ်းသူများ၏ ပါဝင်မှုကို မြှင့်တင်နိုင်သည့် မဟာဗျူဟာများတွင် မသန်စွမ်းသူများ၏ တန်းတူအခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ ခွဲခြားဆက်ဆံခြင်းကို တားမြစ်ခြင်းနှင့် ၎င်းတို့၏ နိုင်ငံရေးနှင့် လူမှုပတ်ဝန်းကျင်တွင်ပါဝင်မှုတို့ကို အာမခံခြင်း အပါအဝင် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူဘောင်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထည့်သွင်းချမှတ်ခြင်းတို့ ပါဝင်ပါသည်။

အနာဂတ် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်ရာတွင် မဲရုံများ၊ မဲပေးသည့်ပုံစံများ၊ မဲလက်မှတ်ပုံစံများနှင့် မဲဆန္ဒရှင်အသိပညာပေးလှုပ်ရှားမှုများ စသည်တို့ကို မသန်စွမ်းသူများအတွက် လက်လှမ်းမီမှု ရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံရေးပါတီများအား ၎င်းတို့ပါတီတွင်းမှ မသန်စွမ်းကိုယ်စားလှယ်လောင်းများကို အမည်စာရင်း တင်သွင်းရန် အားပေးနိုးဆော်သင့်သည်။

မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်ဖော်ဆောင်ရာတွင်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးသည် ၎င်းတို့၏မူဝါဒများကို မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်(CRPD)၏ အခြေခံမူများနှင့် ကိုက်ညီမှုရှိစေရန် လိုအပ်သည်။ ဒေသန္တရအစိုးရများကိုလည်း မသန်စွမ်းသူများအား ထည့်သွင်းစဥ်းစားမှုရှိသော၊ပါဝင်စေနိုင်သော အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် အားပေးနိုးဆော်ရမည်ဖြစ်ပြီး တစ်ပြိုင်နက်တည်းမှာပင် ပြည်ထောင်စုအစိုးရသည် အခွင့်အရေးများကို တစ်နိုင်ငံလုံးအနှံ့ တပြေးညီ လိုက်နာကျင့်သုံးမှုရှိစေရန် စောင့်ကြည့်ရမည်ဖြစ်သည်။

အစိုးရများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများသည် မသန်စွမ်းသူများနှင့် စပ်လျဥ်းသော အဆိုးမြင်အယူအဆများကို တိုက်ဖျက်ရန်နှင့် မသန်စွမ်းသူများ၏ပါဝင်မှုနှင့်ပတ်သက်၍ အသိပညာမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ မသန်စွမ်းသူများကို သင်တန်းများပို့ချခြင်းအားဖြင့်လည်း အုပ်ချုပ်ရေးတွင် ၎င်းတို့ တက်ကြွစွာပါဝင်နိုင်စေရန် အခွင့်အလမ်းပေးစွမ်းနိုင်သည်။ မသန်စွမ်းသူများနှင့် လက်တွဲဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်ရာနှင့် မူဝါဒများပုံဖော်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ၎င်းတို့၏ အသံများကို ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ထည့်သွင်းပါဝင်စေခြင်းသည် မရှိမဖြစ် လိုအပ်သည်။

ထို့အပြင် လက်လှမ်းမီမှုရှိခြင်းသည် မသန်စွမ်းသူများ ပါဝင်လာနိုင်မှုရှိစေရေးအတွက် အခြေခံအချက်ဖြစ်သည်။ အစဉ်အလာအရ မှုဝါဒစာတမ်းများသည် ရှုပ်ထွေးပြီး လက်လှမ်းမမီနိုင်သည်ကို သိရှိကာ International IDEA သည် ၎င်း၏ အကြံပြုချက်များနှင့် ဒေသန္တရဒီမိုကရေစီအကြောင်းရေးသားထားသော စာအုပ်စာတမ်းများကို ဖတ်ရှုရန် လွယ်ကူသည့် ဖတ်လွယ်၊ မှတ်လွယ်ပုံစံဖြင့် ထုတ်ဝေထားပါသည်။




အားလုံးပါဝင်မှုရှိခြင်းသည် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် အာဏာသိမ်းမှုကာလအလွန် အသွင်ကူးပြောင်းရေးကို ဦးတည်ဆောင်ရွက်နေသည်ဖြစ်ရာ မသန်စွမ်းသူအခွင့်အရေးများကို ဒီမိုကရေစီမူဘောင်၏ အခြေခံအစိတ်အပိုင်းအဖြစ် လက်ခံကျင့်သုံးခြင်းသည် လူမှုစည်းလုံးညီညွတ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တွင် နိုင်ငံတကာအသိုက်အဝန်းသည် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများကို ပံ့ပိုးကူညီရန် ၎င်းတို့၏ ကတိကဝတ်များနှင့် ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်လုပ်ဆောင်ကြရပေမည်။